ရေလဲနဲ့ကောကျေးရွာအုပ်စု၊ ပန်းတနော်မြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း (၂၀၂၆-၂၀၃၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ရေလဲနဲ့ကောကျေးရွာအုပ်စု၊နဲ့ကောကျေးရွာ၊ ပန်းတနော်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက
ကူညီရေးဆွဲသည်။)

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ

မာတိကာ

	အကြောင်းအရာ	
	စကားချီ	
	နဲ့ကောကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပြကွဒိန်ပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့နယ်	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	
၃။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	
၄။	စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ	
	(က)သီးနှံစိုက်ပျိုးရေး	
	(ခ)မွေးမြူရေးလုပ်ငန်း	
	(ဂ)စိုက်ပျိုးရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	
	(ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	
	(ခ)ကျေးရွာမီးလင်းရေး	
	(ဂ)သတင်းနှင့်ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား-မရေးရာဆိုင်ရာကိစ္စ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား	
	နောက်ဆက်တွဲ(၄)နှစ်အလိုက်စီမံချက်များစာရင်း	
	နောက်ဆက်တွဲ(၅)ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)	

စကားချီး

ယခုရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် မှ ၂၀၃၀-၂၀၃၁ ခု ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော စစ်ကိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ကျေးရွာရပ်မိရပ်ဖများ ၊ ကျေးရွာပြည်သူများနှင့် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့ နဲ့ကောကျေးရွာ၏ ကျေးရွာပြည်သူများပါဝင်ကာ စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးကူညီပေးခဲ့သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာရှိ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအတွက် အစီအစဉ် အစီအမံများ ဆောင်ရွက်ခဲ့သော်လည်း ကျေးရွာပြည်သူ တစ်ရပ်လုံးပါဝင်၍ စနစ်တကျရွေးချယ်သည့် နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်မှု အားနည်းခဲ့ပါသည်။ ယခုအခါ ကျေးရွာ ပြည်သူလူထုများကိုယ်တိုင် တက်တက်ကြွကြွ စုပေါင်းအင်အားဖြင့် ပူးပေါင်းပါဝင်ကာ နည်းလမ်းစနစ်တကျအသုံးပြု၍ စဉ်းစားတွေးခေါ် တိုင်ပင်ဆွေးနွေး အဖြေရှာခြင်းများ ဆောင်ရွက်ခဲ့ကြရာတွင် နည်းပညာ၊ အစီအစဉ်ရေးဆွဲနည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျေးရွာဒေသဆိုင်ရာ လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ လူနေထိုင်မှု အကျင့်စရိုက်များစသည့် အသေးစိတ် စာရင်းများကိုပါ သိရှိဖော်ထုတ်နိုင်ခဲ့ပါသည်။

ကျေးရွာတွင်း အရေးကြီးလိုအပ်သည့် ကျေးလက်တည်ဆောက်ရေးလုပ်ငန်းများကို တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ဆုံးဖြတ်ခြင်းမျိုးမဟုတ်ဘဲ အများပြည်သူဆန္ဒဖြင့် ပွင့်လင်းမြင်သာစွာစနစ်တကျရွေးချယ်ခဲ့သည့်အတွက် ကျေးရွာပြည်သူများ ပူးပေါင်း ပါဝင်တတ်သည့် အလေ့အကျင့်

ကောင်းများ၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ၊ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်တက်သည့် အလေ့အကျင့်ကောင်းများပါ ရရှိစေသည့်အတွက် လွန်စွာတန်ဖိုးကြီးမားပါသည်။ ထိုပြင် ထပ်မံလိုအပ်သည့် ကိန်းဂဏန်းအချက်အလက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက် လုပ်ကိုင်ရမည်ကိုလည်း ကောင်းစွာနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် လက်ရှိကာလတွင် ရရှိခဲ့သည့် အချက်အလက်များကို စုစည်း၍ ကောက်ယူထားခြင်းဖြစ်သော်လည်း နောင်ကာလများတွင် ရရှိမည့် ကိန်းဂဏန်း၊ ဒေသဆိုင်ရာအချက်အလက်များကို ထပ်မံစုစည်းထည့်သွင်းပေးခြင်းဖြင့် ပိုမိုပြည့်စုံကောင်းမွန်လာမည်မှာ ဧကန်မလွဲပင်ဖြစ်ပါသည်။ လျာထားရွေးချယ်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာမည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများနှင့် ရှောင်ဆက်၍ဆောင်ရွက်ရမည့် ကျေးရွာဖွံ့ဖြိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေး ၊ နာရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဆိုပါက မလွဲဧကန်တိုးတက်ပြောင်းလဲလာမည် ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးအစီအစဉ်အလိုက် လုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ အကြံပြုချက်များ၊ ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ ကျေးရွာပြည်သူများအနေဖြင့် မျှော်လင့်ပါသည်။ နောက်နောင်များတွင်လည်း ထိုကဲ့သို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက် အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများလည်းရရှိမည် ဖြစ်ပါကြောင်း ယုံကြည်မိပါသည်။


ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖ နှင့် ကျေးရွာပြည်သူများပူးပေါင်း ပါဝင်ရေးဆွဲခဲ့သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်တွင် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်များ၊ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၊ ကျေးရွာရှိလူမှုစီးပွားရေး အခြေအနေစသည့် အသေးစိတ်အချက်အလက်များ စနစ်တကျထည့်သွင်းရေးဆွဲထားသဖြင့် မယ်လမ်းပျော်ကျေးရွာ အတွက် အကျိုးကျေးဇူးများစွာရရှိစေမည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နှဲကောကျေးရွာ
ရေလဲနှဲကောကျေးရွာအုပ်စု
ပန်းတနော်မြို့နယ်

ရက်စွဲ ၊ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၁ ရက်

နဲ့ကောကျေးရွာ သဘာဝသယံဇာတပြမြေပုံ




နဲ့ကောကျေးရွာ ရာသီခွင်ပြပြကွဒိန်

စဉ်	အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
၁။	ရာသီဥတု												
၂။	အလုပ်အကိုင်												
၃။	ပွဲတော်												
၄။	သဘာဝဘေး	မီးသတိပြု	မီးသတိပြု										မီးသတိပြု
၅။	တုပ်ကွေး		ရာသီတွင်ကွေး	ကုသိမ်တွင်ကွေး	ဆွေးမျိုးတွင်ကွေး	ဆွေးမျိုးတွင်ကွေး							
၆။	အခြားသီးနှံ												
၇။	ဝင်ငွေ												
၈။	ဝမ်းစာဖူလုံမှု												

ဆွဲကွေးသီးနှံ ဝင်ငွေကောင်း		သဘာဝဘေး ဝမ်းစာဖူလုံမှု		တပေါင်းကွေးမှာ သီတင်းကျွတ်မှာ ဆုံးပါး		မီးသတိပြု		လယ်ကွင်း	

ရေလဲနှဲကောကျေးရွာအုပ်စု၊ နှဲကောကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ(**Venn Diagram**)



(၁) တည်နေရာနှင့်ပထဝီဝင်အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည်မြောက်လတ္တီကျူဒ်° ၅၈'နှင့် ၁၇° ၂၃' ကြားအရှေ့လောင်ဂျီကျူ ၉၅° ၂၈' နှင့် ၉၈° ၅၃' ကြားတွင်တည်ရှိပါသည်။ ပန်းတနော်မြို့နယ်၏ အကျယ်အဝန်းမှာ ၄၉၈.၅၂ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အရှေ့မှအနောက်သို့ ၁၇မိုင်ရှိပြီး တောင်မှမြောက်သို့ ၂၇ မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ် အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်မြို့နယ်တောင်ဘက်တွင် ဝါးခယ်မမြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။

နဲကောကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ နဲကောကျေးရွာသည် ရေလဲနဲကောကျေးရွာအုပ်စုတွင်ပါဝင်ပြီး ပန်းတနော်မြို့နယ်နှင့် ၈မိုင်ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ တောင်ဘက်တွင် ရေလဲတောင်စုကျေးရွာ၊ မြောက်ဘက်တွင် နဲကောကျေးရွာတို့နှင့် ထိစပ်နေပါသည်။ နဲကောကျေးရွာသည် စိုက်ပျိုးရေးနှင့် သင်/ဖျာလုပ်ငန်းကို အဓိကလုပ်ကိုင်သောဒေသတစ်ခုဖြစ်ပါသည်။

(၂) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် ၉.၂၂ဒီဂရီစင်တီဂရိတ်ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ ဒီဂရီစင်တီဂရိတ်ရှိပါသည်။ တစ်နှစ်ပျမ်းမျှမိုးရွာသွန်းမှုရက်မှာ (၁၀၈) ရက်ရှိပြီးပျမ်းမျှမိုးရေချိန်မှာ (၈၈.၉) လက်မရှိပါသည်။ မိုးအများဆုံးရွာသွန်းသောကာလမှာ ဇူလိုင်လနှင့် သြဂုတ်လများ ဖြစ်ပါသည်။

ပန်းတနော်မြို့နယ်သည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်းမှာ ဧရာဝတီမြစ် ဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ စသည်ဖြင့်အသုံးပြုနိုင်ပြီး သဘော်၊ စက်လှေများလည်း သွားလာနိုင်သောမြစ်များ ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမှာ သဲကို မြစ်၊ ချောင်း များတွင် ထုတ်ယူနိုင်ပါသည်။

နဲကောကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များထွက်ရှိမှု မရှိသော်လည်း ဆေးဖက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်၊လောက်သေ၊ပွေးပင်နှင့် ဆင်တုံးမန္တယ်အပင်များဖြစ်ပါသည်။ဂင်းအပင်များပေါက်သောကြောင့်ကျန်းမာရေးအတွက်အလွန်အရေးပါသောဆေးဖက်ဝင်အပင်များ ဖြစ်ပါသည်။ရေလဲကျေးရွာသည်လယ်ယာမြေအသင့်အတင့်ရှိကြပြီးမြေပြန့်ဒေသဖြစ်ကာမြေဆီ

အသင့်အတင့်ကောင်းမွန်ပါသည်။နဲ့ကောကျေးရွာဒေသသည်တောင်သူအားလုံးတို့ကရေသွင်းမြောင်းနှင့်ကိုယ်ပိုင်အဝိစိတွင်းများမှ ရေများကိုစုပ်ယူပြီး လယ်မြေ (၅၇၀) ဧက ခန့်ကိုရေသွင်းစိုက်ပျိုးကြပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

နဲ့ကောကျေးရွာတွင်းရှိလူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်ကျား(၁၀)ဦး ဂေါပကအဖွဲ့ဝင်ကျား(၁၅)၊ကျောင်းကော်မတီအဖွဲ့ဝင်ကျား(၁၂)ဦး၊မ(၁၀)ဦး၊ကျန်းမာရေးအဖွဲ့အစည်းတွင်ကျား(၁၀)ဦး၊မ(၅)ဦးတို့သည်ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အားတက်သရောစုပေါင်းလုပ်ဆောင်နေကြပါသည်။ ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှဦးဆောင်ပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ခဲ့ကြပါသည်။ ၎င်းကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစာပေးလုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

နဲ့ကောကျေးရွာတွင်၂.၅၈ကမှ၅၈ကကြားရှိ တောင်သူလူငယ်(၄၀)ဦးအိမ်ထောင်စုနှင့် ၅၈ကမှ ၁၂.၅၈ကရှိသောတောင်သူလတ်(၂၀)အိမ်ထောင်စုရှိကြပါသည်။စပါးကိုအဓိကစိုက်ပျိုးကြပြီးပဲကိုစားသုံးရုံမျှသာစိုက်ပျိုးကြပါသည်။ နဲ့ကောကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများလည်းရှိပြီး အများစုမှာ နေ့စား/ကျပန်းအဖြစ်လုပ်ကိုင်စားသောက်ကြပါသည်။

ကျေးရွာရှိ စိုက်ပျိုးတောင်သူများတွင် ကိုယ်ပိုင်လက်တွန်းထွန်စက်(၃၅)စီးနှင့် ကိုယ်ပိုင်ရေစုပ်စက် (၂၉)လုံးရှိကြပါသည်။ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကို ပန်းတနော်စျေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့်ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်သော်လည်းကောင်း၊ ကုန်သည်ပွဲစားများမှတဆင့်သော်လည်းကောင်း ရောင်းချကြပါသည်။ မိုးတွင်းကာလတွင် မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ရေလဲကျေးရွာသည် မြို့နယ်နှင့် (၄)မိုင် ကွာဝေးသဖြင့် စိုက်ပျိုးထုတ်လုပ်ရေး အတွက် ဝန်ဆောင်မှုများရရှိရန် အနည်းငယ်ခက်ခဲပြီး စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှုများလွယ်ကူစွာရရှိနိုင်ပါက သီးနှံအထွက်နှုန်းမှာ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

နဲကောကျေးရွာတွင်ဝက်မွေးမြူထားသည့်အိမ်ထောင်စု(၉)စုရှိပြီးဝက်ကောင်ရေ(၁၃)ကောင်၊ ကြက်မွေးသည့် အိမ်ထောင်စုမှာ(၂၀)စုရှိပြီး ကြက်ကောင်ရေ(၅၀)ကောင်၊ဆိတ်မွေးမြူသည့် အိမ်ထောင်စုမှာ(၄)စုရှိပြီးဘဲကောင်ရေ(၁၀) စသည်ဖြင့်တစ်နိုင်တစ်ပိုင်မွေးမြူရေးကို လုပ်ကိုင်ကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့်နည်းပညာနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများရှိပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်မည်ဆိုပါကမွေးမြူရေးနည်းပညာနှင့်ပတ်သက်သည့်အတွေ့အကြုံ အသိပညာများအားနည်းနေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

နဲကောကျေးရွာတွင် စိုက်ပျိုးရေးမွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ကိုင်သူများမှာ ပန်းရံ၊လက်သမားနှင့်ကျပန်းအလုပ်များလုပ်ကိုင်ကြပါသည်။နေ့စားအလုပ်လုပ်ကိုင်သူများမှာပန်းရံသမားနှင့်လက်သမားများသည် တစ်နေ့လျှင်လုပ်အားခ၂၀၀၀၀ကျပ်မှ၁၀၀၀၀ကျပ်ရရှိပါသည်။ ကျေးရွာရှိအိမ်ထောင်စုပေါင်း(၃၀)အိမ်ခန့်လုပ်ကိုင်ကြပါသည်။ကျေးရွာတွင်စိုက်ပျိုးရေးနှင့်မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့်အသေးစားအလတ်စားစီးပွားရေးဖွံ့ဖြိုးရေးမှုဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့်အလုပ်နှင့်လိုက်လျောညီထွေသော အတတ်ပညာများကျွမ်းကျင်မှုမရှိသဖြင့်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ လယ်ယာနှင့်သားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာအသိအမြင်အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင်ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နှင့်အခြားအဖွဲ့စည်းများပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများကိုသာထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀၀/-) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးသည့် ဧကမှာ (၁၀) ဧက အတွက် အများဆုံး ကျပ် (၁၅၀၀၀၀၀/-) ဖြစ်ပါသည်။ အတိုးနှုန်း မှာ (၀.၅) ကျပ် ဖြစ်ပြီး ထုတ်ချေးသည့် ကာလမှာ (၇) လသာ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ဧကကုန်ကျစရိတ်မှာ (၄) သိန်းကျပ်ခန့် ကုန်ကျသောကြောင့် သွင်းအားစုများနေပြီး ချေးငွေသည် လုပ်ငန်းလုပ်ကိုင်ရန် အပြည့်အဝ အထောက်အကူ မပြုနိုင်ပါ။

နဲကောကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် စပါးသီးနှံ(ကာတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေး နေသောကြောင့် အခြားသီးနှံစိုက်ပျိုးရေး တောင်သူများအတွက်လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူ အများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်နေကြပါသည်။ ကျေးရွာသူ/ကျေးရွာသား များလိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက် နှင့်အညီ ပြောင်းလဲသင့်ပါသည်။

စထာပါနာဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်နေသည်မှာ (၄)နှစ်ခန့်ရှိပြီ ဖြစ်ပြီး စိုက်ပျိုးရေး၊မွေးမြူရေး၊အရောင်းအဝယ်၊လက်မှုလုပ်ငန်းများအတွက် ချေးငွေ ထုတ်ချေးဆောင်ရွက်လျက်ရှိပါသည်။ တစ်ဦးလျှင်(၃)သိန်းစ၍ အမြင့်ဆုံး(၇)သိန်းအထိ ထုတ်ချေးကြောင်း သိရှိရပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

နဲကောကျေးရွာသည် ပန်းတနော်မြို့၏ မြောက်ဘက်တွင် တည်ရှိပြီး ပန်းတနော်မြို့ ပုသိမ်-ရန်ကုန်ကားလမ်းမကြီးမှ (၇)မိုင်ခန့် ကွာဝေးပါသည်။ ပန်းတနော်မြို့သို့ ကုန်းလမ်းဖြင့် ရာသီမရွေးသွားလာနိုင်ပါသည်။ ပို့ဆောင်ဆက်သွယ်ရေးယာဉ်များအဖြစ် စက်လှေ(၁၀)စီး ၊ စက်ဘီး(၂၈)စီး ၊ သုံးဘီးဆိုင်ကယ်(၁)စီး၊ ထော်လာကျီ(၁၀)စီး နှင့် မော်တော် ဆိုင်ကယ်(၇၀) စီး၊ ကား(၂)စီး တို့ဖြင့် အသုံးပြုကြပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သည့်အတွက် မိုးတွင်းအခါလမ်းပေါ်သို့ရေကျော်ပြီး ယာဉ်များတိမ်းရှောင်ရာတွင်ရှုပ်ထွေးမှုများဖြင့် လမ်းချော်သဖြင့်ထိခိုက်မှုများမကြာခဏဖြစ်ပွားလေ့ရှိပါသည်။ ယခုအခါကျေးလက်ဦးစီးဌာန၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းအဖြစ်ကျေးရွာလူထုမှကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောကြောင့် အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ထားရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

နဲကောကျေးရွာနေ အိမ်ထောင်စုများမှာ မဟာဓာတ်အားလိုင်းဆိုလာ ၊ ဖယောင်းတိုင်၊ မီးခွက်တို့ကို အသုံးပြုကြ ပါသည်။ ကျေးရွာနေပြည်သူအများစုမှာ မီးလင်းရေးအတွက်

ကိုယ်ပိုင်ဆိုလာ၊ ဘတ္ထရီငှားရမ်း အသုံးပြုမှု ၊ ဖယောင်းတိုင်နှင့် ရေနံဆီမီးခွက်တို့ကို အသုံးပြုလျှက်ရှိပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

နဲကောကျေးရွာတွင် မုန်တိုင်းသတင်း၊ ငလျင်သတင်းနှင့် အခြား သာရေး၊ နာရေး သတင်းများရရှိရန် ရေဒီယိုအစီအစဉ်များ နားထောင်ခြင်း၊ တီဗွီသတင်းစောင့်ကြည့်ခြင်း၊ ဖုန်းအင်တာနက် အွန်လိုင်းအသုံးပြုခြင်းစသည်တို့ဖြင့် သတင်းအဆက်အသွယ်နှင့် နည်းပညာ ရရှိကြပါသည်။ ကျေးရွာ၌ ဖုန်းအင်တာ နက်လိုင်းများ ရရှိသဖြင့် ဆက်သွယ်ရေး အသုံးပြုရာတွင် အဆင်ပြေလွယ်ကူမှုရှိပြီး အခက်အခဲများ အထူးတလည် မရှိပါ။

(ဃ) ပညာရေး

နဲကောကျေးရွာတွင် အခြေခံမူလတန်းကျောင်းရှိပါသည်။ ကျေးရွာတွင်စာမတတ်သူဦးရေ (၂၀)ဦးရှိပါသည်။ အများစုမှာ မူလတ်တန်းအဆင့်တတ်မြောက်ထားသူများဖြစ်ကြပြီးလူဦးရေမှာ (၅၂၄)ဦး၊ အလယ်တန်းအဆင့်တတ်မြောက်သူဦးရေမှာ(၄၈၃)ဦး၊ အထက်တန်းအဆင့်စာတတ် မြောက်သူဦးရေ မှာ(၃၇၆)ဦးနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်သူဦးရေမှာ(၃၆)ဦးရှိပါသည်။

(င) ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ကျေးရွာနှင့်(၂)မိုင်ခန့်ကွာဝေးသော မင်းဂရ ကျေးလက် ကျန်းမာရေး ဆေးပေးခန်းသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာအားကျန်းမာရေး အသိပညာ ပေးခြင်းများ တစ်ကိုယ်ရေကျန်းမာရေးပညာပေးများ ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမို ကောင်းမွန်သော ကျန်းမာပျော်ရွှင်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

ကျေးရွာရှိရေသုံးစွဲမှုမှာ အိမ်ထောင်စုများအနေဖြင့် အဝီစိတွင်းရေကို အဓိက အသုံးပြု ကြပြီး ချောင်းရေကိုလည်း အသုံးပြုကြပါသည်။ အိမ်ထောင်စုများမှာ အဝီစိတွင်းစက်တပ်/တုံကင် နှင့် ချောင်းရေတို့မှ ရယူသုံးစွဲကြပြီး ရေအရည်အသွေးစမ်းသပ်စစ်ဆေးမှုရှိသဖြင့် ကျန်းမာရေး အတွက် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေအဖြစ် ချောင်းရေနှင့် အဝီစိတွင်းကို ရာသီမရွေး သုံးစွဲ နိုင်ပါသည် ။ နဲကောကျေးရွာ၌ အမှိုက်သရိုက်များကို ပုံမှန်သန့်ရှင်းရေး ပြုလုပ်သော်လည်း စုပေါင်းလုပ်ဆောင်မှုအားနည်းခြင်း၊ စည်းစနစ်ကျနစွာ လုပ်ဆောင်မှုရှိမည်ဆိုပါက သန့်ရှင်း သာယာသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် အိမ်ထောင်စု ပေါင်း (၃၄၈) အိမ်ထောင်စုရှိပြီး ရေလောင်း/ ယင်လုံအိမ်သာ ကိုအများဆုံး အသုံးပြုကြပြီး အိမ်သာမရှိသော အိမ်ထောင်စုများ မရှိပါ။ သန့်ရှင်းသော ရေလောင်း/ ယင်လုံအိမ်သာ သုံးစွဲမှုအသိပညာ လိုအပ်ပါသည်။

(၈) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နဲကောကျေးရွာရှိ သဘာဝဘေးအန္တရာယ်အနေဖြင့် မိုးဦးကာလတွင်မုန်တိုင်းကျရောက်ခြင်း ရေကြီးရေလျှံခြင်းအနည်းငယ်ဖြစ်ပေါ်တတ်ပြီး ငလျင်လှုပ်ခြင်းလည်းရံဖန်ရံခါဖြစ်ပေါ်တတ်ခြင်းကို အဓိကထားကြံတွေ့နေရပါသည်။ တီဗီ၊ ရေဒီယို၊ ဖုန်းအစရှိ သည်တို့မှလည်း သဘာဝဘေးအန္တရာယ် သတင်းအချက်အလက်များရရှိပြီး သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ထားရှိမှု အားနည်းလျက်ရှိပါသည်။

နဲကောကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိပြီး အိမ်ထောင်စုများမှ ချက်ပြုတ်စားသောက်ရန် ထင်းများခုတ်ယူသဖြင့် သစ်တောပြုန်းတီးမှုများ အနည်းငယ် ဖြစ်ပေါ်ပါသည်။

(၉) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

နဲကောကျေးရွာတွင်အလုပ်လုပ်နိုင်သော အမျိုးအစားနှင့် အမျိုးသမီးများခွဲခြားမှုရှိပါသည်။ အမျိုးသားတစ်ဦးလှုျင်၁၅၀၀၀ကျပ်ရရှိသော်လည်းအမျိုးသမီးအများဆုံးမှာ၁၀၀၀၀ကျပ်သာရရှိပါသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာပန်းရံ၊လက်သမားများဖြစ်ကြပါသည်။ ကျေးရွာတွင်းရှိ စာတတ် မြောက်မှုတွင်လည်းပညာရေး အဆင့်အလိုက်အမျိုးသမီး စာတတ်မြောက်မှုနှုန်းမှာ အမျိုးသားများ ထက်များပါသည်။ကျေးရွာတွင်းရှိဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသားများမှ ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်အမျိုးသမီးများ၏အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်ပါသည်။

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

စဉ်	ကျေးရွာ	ကဏ္ဍအမည်	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း	မှတ်ချက်
၁	နဲ့ကော	အခြေခံအဆောက်အဦ	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၁၀၀	၁	ကျေးလက်ဦးစီး	
၂	နဲ့ကော	အခြေခံအဆောက်အဦ	ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၀'× ၃၀')	၉၀	၂	ကျန်းမာရေးဌာန	
၃	နဲ့ကော	အခြေခံအဆောက်အဦ	ရေသန့်စင်စနစ်တည်ဆောက်ခြင်း	၈၀	၃	ကျေးလက်ဦးစီး	
၄	နဲ့ကော	အခြေခံအဆောက်အဦ	ချောင်းကူးတံတားတည်ဆောက်ခြင်း(၁၀၀)ပေ	၇၅	၄	ကျေးလက်လမ်းဦးစီး	
၅	နဲ့ကော	အခြေခံအဆောက်အဦ	ကျောင်းဆောင်သစ်တည်ဆောက်ခြင်း(၃၀'× ၆၀')	၇၀	၅	ပညာရေးဌာန	
၆	နဲ့ကော	အသက်မွေးဝမ်းကျောင်း	အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိန်းနည်းသင်တန်း	၆၅	၆	ကျေးလက်ဦးစီး	

ပန်းတနော်မြို့နယ်၊ရေလဲနဲ့ကောအုပ်စု၊နဲ့ကောကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်လှိုင်	ဦးကြည်ထွန်း	၁၄/ပတန(နိုင်)၁၁၁၇၇	၅၀	ဥက္ကဋ္ဌ	၀၉-၆၇၉၆၇၈၂၂၁
၂	ဦးကျော်စိုးအောင်	ဦးအေးသန်း	၁၄/ပတန(နိုင်)၁၅၉၃၅၃	၄၀	အဖွဲ့ဝင်	၀၉-၆၇၀၀၈၃၃၄၈
၃	ဦးဇော်ထူး	ဦးဝင်းမောင်	၁၄/ပတန(နိုင်)၁၁၁၆၀၄	၅၀	အဖွဲ့ဝင်	-
၄	ဒေါ်သိန်းသိန်းမြင့်	ဦးငြိမ်း	၁၄/ပတန(နိုင်)၁၉၉၃၄၁	၄၃	အဖွဲ့ဝင်	-
၅	ဒေါ်ထက်ထက်စိုး	ဦးထွန်းထွန်း	၁၄/ပတန(နိုင်)၂၅၀၆၁၂	၂၆	အဖွဲ့ဝင်	၀၉-၆၆၆၉၄၅၁၀၇
၆	ဒေါ်မြတ်ကလျာ	ဦးအောင်မြတ်သူ	၁၄/ပတန(နိုင်)၁၇၈၂၀၆	၃၁	အဖွဲ့ဝင်	၀၉-၆၈၂၂၀၉၇၄၅
၇	ဦးသန်းဝင်း	ဦးတင်ညိမ်း	၁၄/ပတန(နိုင်)၁၈၄၅၁၂	၅၀	အတွင်းရေးမှူး	၀၉-၆၈၇၉၁၃၅၈၃

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၉	၄	၁၃		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၂	၁၉	၄၁		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၇၆	၁၆၈	၃၄၄		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၃၃	၁၂၁	၂၅၄		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၈၇	၃၈၂	၇၆၉		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၆	၂၆	၅၂		
စုစုပေါင်း		၇၅၃	၇၂၀	၁၄၇၃		
စုစုပေါင်း အိမ်ထောင်စု		၃၄၈				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)နှစ်မပြည့်မီအရွယ် ၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် နို့စို့အရွယ် (၁၃)ဦး၊ ၅နှစ်အောက်ကလေးငယ်(၄၁)ဦး၊ မူလတန်းအရွယ်(၃၄၄)ဦး ၊အလယ်တန်းကျောင်းသားအရွယ်(၂၅၄)ဦး၊ အလုပ်လုပ် နိုင်သည့်အရွယ် (၇၆၉)ဦး၊ သက်ကြီးရွယ်ကြီး (၅၂)ဦး စုစုပေါင်း (၁၄၇၃)ဦး ရှိပြီး၊ အိမ်ထောင်စုပေါင်း (၃၄၈)စုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၈၃	၁၈၁	၈	၉၇	၈၄		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၉၅	၆၆		၈၀	၈၆		မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၄၇	၁၃၉	-	၈၅	၅၄		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၆	၈၆		၅၄	၃၂		မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနေရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၃၁		၃၁			မြင့် ☐ လတ်☑ ၄၄ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄၃	၇၁		၃၀	၄၁		မြင့် ☐ လတ်☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနေရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနေရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄၄	၄၄		၁၀	၃၄		
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း						၈	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၂၁၉	၆၈၁	၂၆	၃၄၀	၃၄၁		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။**“ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား / ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါကအဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။နဲကောကျေးရွာတွင် ကျေးရွာ၏လူဦးရေကောက်ယူမှုစာရင်းအရ ကျေးရွာ တွင် စိုက်ပျိုးရေးလုပ်ငန်းအပြင် လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစားကို အဓိကလုပ်ကိုင် ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဧယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၂၀၀၀၀	၁၅၀၀၀	၂၀၀၀၀	၁၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၂၀၀၀၀		၂၀၀၀၀	
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ နဲကောကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိက လုပ်ဆောင်ကြပြီး ယောကျ်ားလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ ၂၀၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံး တစ်နေ့လုပ်အားခမှာ ၁၅၀၀၀ကျပ်ဖြစ်ပါသည်။ မိန်းကလေးများ၏ အများဆုံးတစ်နေ့လုပ်အားခမှာ ၁၀၀၀၀ကျပ်ဖြစ်၍ အနည်းဆုံးတစ်နေ့လုပ်အားခမှာ၁၅၀၀၀ကျပ်ဖြစ်ပြီ ကျား/မအလိုက် ခွဲခြားသတ်မှတ်ပေးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၅၇၀	ကောင်း ☐ သင့်☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ခနီတောမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
မြေလွတ်မြေလပ်		ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၅၇၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ နဲ့ကောကျေးရွာတွင် လယ်ဧက(၅၇၀)ဧက၊ ပိုင်ဆိုင်မှုရှိကြပြီး စပါး၊ ပဲ၊ တို့ကို အများဆုံးစိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။မြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း☐ မရှိ ☑	☒	လျော့ ☐ တိုး☑ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ နဲကောကျေးရွာတွင်ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ ၊ကျောက်ခဲ ၊ ကျောက်စရစ်များမထွက်ရှိပါ။ ဆေးဘက်ဝင်အပင်များအနည်းအကျဉ်းရှိပြီး မြေပေါ်မြေအောက်ရေ အသုံးပြုမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈၀	၁၀၀	၈၈	၈၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓနအဆင့်အခြေအနေမှာ အလွန်အဆင်ပြေဆုံး အိမ်ထောင်စုနှင့်အလွန်မပြေလည်သောအိမ်ထောင်စုမှာနည်းပါးပြီး အလယ်အလတ်အဆင့်ရှိ အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စုနှင့်မပြေလည်သော အိမ်ထောင်စု များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၌ ဆင်းရဲပြီး အလုပ်အကိုင်နှင့်အခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၅၀	၂၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ၁၅ ချေးယူ = ၂၅ လုပ်အားခကြိုယူ = ၁၀
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ---------- ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ နဲ့ကောကျေးရွာတွင် (၃)လနှင့်(၆)လကြား ဝမ်းစာဖူလုံမှုပြုရသော အိမ်ထောင်စု များအနေဖြင့် ဝမ်းစာဖူလုံရေးအတွက်ချေးယူခြင်း၊အထောက်အပံ့နှင့် လုပ်အားခကြိုယူခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို ဖြေရှင်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၁၀	၅	၁၅
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
လေ့လာတွေ့ရှိချက်။ ။ နဲ့ကောကျေးရွာတွင်ကူညီစောင့်ရှောက်မှုလိုအပ်သော သက်ကြီးရွယ်အိုများအနည်း ငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်၊

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း	✓			✓		
၇	ငလျင်	✓			✓		
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ)		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု						
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		✓			✓	

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။

(ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်
အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ နဲ့ကောကျေးရွာသည် တစ်ခါတစ်ရံ မိုးရွာသွန်းများခြင်းကြောင့် ချောင်းရေမြင့်တက်ပြီး လယ်ကွင်းများ ရေလွှမ်းမိုးမှုရှိသော်လည်း ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ ကျန်းမာရေးအနေဖြင့် လိုအပ်ပါက နီးစပ်ရာကျေးလက်ကျန်းမာရေးနှင့်တိုက်နယ်ဆေးရုံသို့ ရာသီမရွေးသွားလာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု		✓		✓		
၃	ဆင်းရဲသားတောင်သူ			✓			✓
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ		✓		✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓			✓
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှ အထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ နဲကောကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ ရွာသူ/ရွာသား များသည် မိသားစုသဖွယ် စည်းလုံးညီညွတ်စွာဖြင့် နေထိုင်စားသောက်လုပ်ကိုင်ကြပါသည်။ ထိခိုက်မှု ရှိပါကလည်း ဝိုင်းဝန်းဖြေရှင်းပေးကြကြောင်းတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပက	၁☐၂☐၃☑	၁၅			ပညာရေး☐ဌေးကြေး☐ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့် ☐ ညံ့☐
၂	ကျောင်းကော်မတီ	၁☐၂☑၃☐	၁၂	၁၀	၂၂	ပညာရေး☑ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	အုပ်ချုပ်ရေး	၁☐၂☑၃☐	၁၀	-	၁၀	ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်☐ ညံ့☐
၄	ကျန်းမာရေး	၁☐၂☑၃☐	၁၀	၅	၁၅	ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၅	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့် ☐ ညံ့☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆	စိုက်ပျိုးမွေးမြူရေး	၁☑၂☐၃☐	၇	၃	၁၀	ပညာရေး☐ဘွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၇		၁☐၂☐၃☐				ပညာရေး☐ဘွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ နဲကောကျေးရွာအတွင်း အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ဘွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။။။ နဲ့ကောကျေးရွာအတွင်းတွင် ပြင်ပအဖွဲ့အစည်းများဖြင့် လုပ်ကိုင်ဆောင်ရွက်မှု မရှိကြောင်းတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၆၅	၂၄	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၈		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၄၀		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂၀		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၅		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၃၄၈	၂၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ နဲ့ကောကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများမှာ(၂၆၅)ဦးပါသည်။ ၂.၅ဧကအောက်(၈၀)ဦး၊၂.၅ဧကမှ၅ဧကကြား(၄၀)ဦး၊၅ဧကမှ၁၂.၅ဧကကြား(၂၀)ဦး၊၁၂.၅ဧကအထက်(၅)ဦးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐	ရှိ☐မရှိ☑	လျော့☐တိုး☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ(မှန် ရာတစ်ခုကိုသာရွေးရ န်)
			ရာသီအလိုက်☐ မဖြေဆိုပါ☑	မဖြေဆိုပါ☐	အပြောင်းအလဲမရှိ☐
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း	၁၄၈	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၈	ချောင်းရေ	၂၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☐မရှိ☑ မဖြေဆိုပါ☐	လျော့☑တိုး☐ အပြောင်းအလဲမရှိ☐

ရင်းမြစ်...(၁)ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ နဲ့ကောကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေကိုအဝီစိရေတွင်းနှင့်ချောင်းရေ တို့မှ ရယူသုံးစွဲကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်	တစ်ဧကအထွက်နှုန်း	သီးနှံ စိုက်ပျိုးသည့် ကာလ	သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်	အမြတ် ရရှိနိုင်မှု(မှန် ရာတစ်ခုကို	ထိခိုက်လွယ် မှု(မှန်ရာတစ် ခုကိုသာရွေး

	ကေ	ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ	ခုကိုသာရွေးရန်)	သာရွေးရန်)	ရန်)
မိုးစပါး	၁၂၄	တင်း	၄၀	၈၀	၆၀	မေ	အောက်တိုဘာ	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑
နွေစပါး	၁၇၀	တင်း	၈၀	၁၂၀	၁၀၀	နိုဝင်ဘာလ	မတ်	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑
ပဲ	၅၃	တင်း	၁၀	၁၅	၁၂	နိုဝင်ဘာ	မတ်	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်☑
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ . ကျေးရွာတွင် စပါးစိုက်ပျိုးခြင်းကို အဓိကလုပ်ကိုင်ကြပြီး အထွက်နှုန်းမှာ အသင့်အတင့်ထွက်ရှိ၍ သွင်းအားစုများဖြစ်သော မြေဩဇာ၊ ဒီဇယ်ဆီ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ လိုအပ်ချက်မြင့်မားပြီး ဈေးကွက် နှင့် နီးသော်လည်း ကားဖြင့်သယ်ယူရသောကြောင့်သယ်ယူစရိတ်များကာ အကျိုးအမြတ် ရရှိမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၃၅			
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၂၉			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ နဲကောကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်ပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်နေသည့် တောင်သူများသာ လယ်ယာသုံးပစ္စည်းများ ပိုင်ဆိုင်မှုအနည်းငယ် ပိုင်ဆိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ☑မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ရသည်☑မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အ ခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်□ရနိုင်သည်☑မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ□
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☑မထိခိုက်ပါ □ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ နဲကောကျေးရွာတွင်မိုးစပါးအတွက် လယ်ပိုင်ရှင်များအား စိုက်ပျိုးရေးဘဏ် မှ ချေးငွေ ထုတ်ပေးခြင်းဖြစ်ပါသည်။ ရာသီဥတုမှာ သင့်တင့်မျှတပြီး လယ်ယာစိုက်ပျိုးလုပ်ကိုင်ရာတွင် လိုအပ်သော မြေဩဇာ နှင့် ဓါတုပိုးသတ်ဆေးများကို ပန်းတနော်မြို့နယ်သို့ သွားရောက်ဝယ်ယူရပါသည်။ သီးနှံစျေးကွက်နှင့်ကုန်သွယ်မှုအတွက် စျေးကွက်လက်လှမ်းမီမှုနည်းသဖြင့် အကျိုးအမြတ်ရရှိမှု နည်းပါးသည်ကို တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဖယားဝဂုနှင့်ဝဈကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်☑မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑လယ်ယာမြေဆုံးရှုံးမှုများသည် □ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☑ ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ□မဖြေဆိုပါ□
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ□အသင့်အတင့်ကျ☑အနည်းငယ်□မဖြေဆိုပါ□
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□

ရင်းမြစ် (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်ရရှိသော်လည်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများအား ရွာ၌ အလွယ်တကူမရရှိဘဲ မြို့သို့ သွားရောက်ဝယ်ယူရခြင်း၊ **လုပ်သားများ**အနည်းငယ်**ရှားပါးခြင်း၊** ဖျက်ပိုး၊ မှို့ရောဂါကျရောက်မှုအသင့်အတင့်သာရှိပြီး သီးနှံများ ရောင်းချရန် စျေးကွက်**လက်လှမ်းမီမှုနည်း**သောကြောင့် သယ်ယူစရိတ်များ ပိုမိုကုန်ကျခြင်းနှင့် စိုက်ပျိုးရေးအတွက် နည်းပညာ ဆွေးနွေးပွဲများ လာရောက် လုပ်ဆောင်ပေးခြင်း အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား		
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၄	၁၀
သိုး		
ဝက်	၉	၁၃
ကြက်	၂၀	၅၀
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ နဲကောကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူအနည်းငယ်သာရှိပြီး တစ်နိုင်တစ်ပိုင်မွေးမြူသူများသာရှိပြီး ဝက် ၊ ကြက်၊ဆိတ်များကို မွေးမြူကြကြောင်းလေ့လာ တွေ့ရှိ ရပါသည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေး ပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ□အသင့်အတင့်☑မဖြေဆိုပါ□
ရေရရှိမှု	အလုံအလောက်ရနိုင်☑အသင့်အတင့်ရနိုင်□မဖြေဆိုပါ□
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☑မျိုးကောင်းတိရစ္ဆာန်များ** **အသင့်အတင့်ဝယ်ယူရနိုင်□မဖြေဆိုပါ□**
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်□ချေးငွေအသင့်အတင့်ရနိုင်☑မဖြေဆိုပါ□
သွင်းအားစု (**မွေးမြူရေးအစာ၊ဆေးစသည်**) စျေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☑ သွင်းအားစုများဝယ်ယူနိုင်သည်□မဖြေဆိုပါ□
